# ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု ရှုထောင့်မှ သတင်းရယူခြင်း လက်စွဲ

Yangon Journalism School (YJS) မှ
မြန်မာသတင်းစာဆရာများအတွက် ပြုစုသည်။
၇၊ ဩဂုတ်လ၊ ၂၀၂၀

# မာတိကာ


အမှာစာ ............ ၁

၁။ အခြေခံဥပဒေ ဇယား (၁)၊ (၂) နှင့် (၅) ............ ၂

ဇယား (၁) ပြည်ထောင်စု ဥပဒေစာရင်း ............ ၂

ဇယား (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်း ............ ၂

ဇယား (၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ ............ ၃

၂။ ပါတီခေါင်းဆောင်များအတွက် မေးခွန်းများ ............ ၄

၃။ ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းအတွက် မေးခွန်းများ ............ ၆

၃.၁။ ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများအတွက် မေးခွန်းများ ............ ၆

၃.၂။ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးအဆင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများအတွက် မေးခွန်းများ ............ ၈

၄။ မဲဆန္ဒရှင်များအတွက် မေးခွန်းများ ............ ၉

၅။ ကျွမ်းကျင် ပညာရှင်များအတွက် မေးခွန်းများ ............ ၁၀

၆။ သယံဇာတ စီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ ဆက်သွယ်ရန် ပုဂ္ဂိုလ်များ ............ ၁၂

၇။ ဥပဒေများ၊ နည်းဥပဒေများ ............ ၂၀

၈။ အွန်လိုင်းပေါ်က ကိုးကားစရာ ဝက်ဘ်ဆိုဒ်များ ............ ၂၁

၉။ သတင်းစိတ်ကူး နမူနာများ ............ ၂၃

## အမှာစာ

သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုကို တည့်မတ်ရန် ကြိုးပမ်းအားထုတ်ခြင်းသည် ပြည်သူများ၏ အခြေခံအခွင့်အရေးကို ကာကွယ်ပေးရန် ကြိုးပမ်းခြင်း ဖြစ်ပါသည်။ နောင်အနာဂါတ် မျိုးဆက်များအတွက် အာမခံချက်ရှိသည့် ဘဝများကို ထုဆစ်ခြင်းလည်း ဖြစ်ပါသည်။ ယခုလို အားထုတ်မှုမှာ သတင်းစာဆရာများ၏ အခန်းကဏ္ဍက အလွန်အရေးကြီးလှပါသည်။

နိုင်ငံတော်၏ မူဝါဒများ ချမှတ်ရာတွင် ပါဝင်ကြမည့် ရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများ၏ သယံဇာတ စီမံအုပ်ချုပ်မှုရေးရာတွင် ထားရှိသည့်သဘောထား၊ ကျွမ်းကျင်မှုနှင့် မူဝါဒများကို မေးမြန်းဖော်ထုတ်ရမည့် အလုပ်က သတင်းသမားများ၏ တာဝန်ဖြစ်ပါသည်။ ပြည်သူများအနေဖြင့် အထွေထွေ ရွေးကောက်ပွဲ၌ မဲထည့်ရာတွင် သယံဇာတ စီမံအုပ်ချုပ်မှု အရည်အသွေးကို ထည့်သွင်းစဉ်းစားနိုင်ရန် ဖြစ်ပါသည်။

ယခုလက်စွဲစာအုပ်မှာ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် သတင်းယူကြမည့် သတင်းသမားများအတွက် အကြံပေးချက်များကို ရန်ကုန် သတင်းစာပညာကျောင်း (YJS) မှ ပြုစုထားခြင်း ဖြစ်ပါသည်။ သယံဇာတနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဖော်ပြထားချက်များ၊ အခြား အစီရင်ခံစာနှင့် အကိုးအကားများ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် ကိုယ်စားလှယ်လောင်းများကို အင်တာဗျူးလုပ်ရန် မေးခွန်းနမူနာများ၊ ဆက်သွယ်ရမည့် အဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများ၏ စာရင်းများကို ထည့်သွင်းပေးထားပါသည်။

လက်စွဲပါ နမူနာမေးခွန်းများကို လေ့နံ့ခါးထစ် စွဲကိုင်တာမျိုး မဟုတ်ပဲ အခြေအနေအပေါ် မူတည်၍ ပြုပြင်သုံးစွဲသွားရန် အကြံပေးလိုပါသည်။ ယခုလက်စွဲစာအုပ်ကို ရွေးကောက်ပွဲလွန်ကာလများအထိ ကိုင်စွဲ အသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။

အထူးသဖြင့် သဘာဝသယံဇာတ ထုတ်လုပ်နေသည့် ဒေသများရှိ သတင်းစာဆရာများအနေဖြင့် ပြည်သူများ၏ အကျိုးစီးပွားကို ကိုယ်စားပြုပြီး သတင်းများ ထုတ်လုပ်ကြရန် ဖြစ်ပါသည်။ နိုင်ငံရေး စကားဝိုင်းများတွင် သယံဇာတ စီမံအုပ်ချုပ်မှုများကို အရေးတယူ ဆွေးနွေးကြသည့် အလေ့အထ ဖြစ်လာစေရန် ရည်ရွယ်ပါသည်။

## ၁။ အခြေခံဥပဒေ ဇယား (၁)၊ (၂)၊ (၅)

### ဇယား (၁) ပြည်ထောင်စု ဥပဒေစာရင်း

| အမှတ် (၆) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ | |
|---|---|
| က | ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ပြည်ထောင်စုဥပဒေအရ ဘေးအန္တရာယ် ဖြစ်လောက်အောင် လောင်ကျွမ်းစေတတ်သည်ဟု သတ်မှတ်ထားသော အခြား အရည်အခဲ စသည်များ |
| ခ | သတ္တုများ၊ သတ္တုတွင်းများ၊ သတ္တုတွင်းအလုပ်သမား ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင် တည်ဆောက်ရေး |
| ဂ | ကျောက်မျက်ရတနာ |
| ဃ | ပုလဲ |
| င | သစ်တော |

### ဇယား (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်း

| အမှတ် (၄) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ | |
|---|---|
| က | ဆားနှင့် ဆားထွက်ပစ္စည်း |
| ခ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း |
| ဂ | ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် မိမိထုတ်လုပ်သော သယံဇာတများကို အမျိုးအစား သတ်မှတ်ပေးရေး |
| ဃ | ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း |
| င | ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် သတ္တုတွင်းအလုပ်သမား ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင် တည်ဆောက်ရေး |
| စ | ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာ အသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း |

## ဇယား (၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ

| | |
|---|---|
| က | ရတနာသိုက် |
| ခ | ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် ရေနံ၊ သဘာဝဓာတ်ငွေ့ဆိုင်ရာ အခွန်အခများ |
| ဂ | ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့် သတ္တုတွင်းဆိုင်ရာ အခွန်အခများ |
| ဃ | ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းက ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာ အခွန်အခများ |

*ဇယား (၁)၊ (၂)၊ (၅) တို့ကို ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ဥပဒေအမှတ် ၄၅ ပါအတိုင်း ဖြည့်သွင်းထားပါသည်။*

## ၂။ ပါတီခေါင်းဆောင်များအတွက် မေးခွန်းများ

၁။ သဘာဝ သယံဇာတ စီမံမှုနှင့်ပတ်သက်ပြီး လူကြီးမင်းတို့၏ နိုင်ငံရေးပါတီတွင် သီးသန့် ရပ်တည်ချက် ရှိပါသလား။

၂။ ၂၀၀၈ အခြေခံဥပဒေသည် သဘာဝ သယံဇာတ စီမံမှုကောင်း ဖြစ်ပေါ်လာစေရန် အထောက်အကူ ဖြစ်နိုင်သည်ဟု ယူဆပါသလား။

၃။ ယခု ရွေးကောက်ပွဲအတွက် လူကြီးမင်းတို့ ပါတီအနေဖြင့် သဘာဝ သယံဇာတ စီမံမှုနှင့်ပတ်သက်ပြီး အထူး ဦးစားပေး သို့မဟုတ် ဦးစားပေးများအဖြစ် သတ်မှတ်ထားသည့် ကိစ္စများ ရှိပါသလား။ မည်သည့်အရာများကို ဦးစားပေး ကိစ္စများအဖြစ် သတ်မှတ်ထားပါသနည်း။

၄။ ၂၀၁၅ သတ္တုတွင်းဥပဒေ၊ ၂၀၁၈ သတ္တုတွင်း နည်းဥပဒေ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး အစိုးရသည် ထိရောက်သည့် လုပ်ငန်းစဉ်များဖြင့် စိစစ် ထိန်းကျောင်းမှုများ ပြုလုပ်ခဲ့သည်ဟု ယူဆပါသလား။ မည်သည့်လုပ်ငန်းစဉ်များကို မြန်မာအနေဖြင့် အကောင်အထည်ဖော် ကျင့်သုံးသင့်သနည်း။

၅။ သတ္တုတွင်း မဟာဗျူဟာ ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းများ ပြုလုပ်ရာတွင် အစိုးရသည် လုပ်ငန်းသဘောအရ ဆက်စပ်သူ အားလုံးကို ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်ဟု ယူဆပါသလား။

၆။ ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက် မူဘောင်များ ရေးဆွဲနိုင်သည့် ကျွမ်းကျင်မှုနှင့် အချက်အလက်များ အစိုးရ တာဝန်ရှိသူများတွင် ရှိပါသလား။

၇။ ပါတီထဲမှာ သဘာဝသယံဇာတ ထုတ်လုပ်တဲ့လုပ်ငန်း လုပ်ကိုင်သူတွေ ပါဝင်ပါသလား။ ဘယ်လောက် ပါဝင်ပါသလဲ။

၈။ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်လောင်းတွေ ထဲမှာရော သယံဇာတ ထုတ်လုပ်တဲ့လုပ်ငန်း လုပ်ကိုင်သူတွေ ပါဝင်ပါသလား။

၉။ ပါတီရံပုံငွေထဲမှာ သယံဇာတလုပ်ငန်းက လှူဒါန်းငွေတွေ ရှိပါသလား။

၁၀။ ပါတီမှာ သယံဇာတ စီမံအုပ်ချုပ်မှုနဲ့ပတ်သက်လို့ မူဝါဒ ရေးဆွဲထားတာ ရှိပါသလား။ ရှိရင် ဆွေးနွေးပေးပါ။

၁၁။ သယံဇာတက ရတဲ့ အကျိုးအမြတ်ကို ပြည်ထောင်စုအတွင်း ခွဲဝေသုံးစွဲမှုနဲ့ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတာကို ဘယ်လိုမြင်ပါသလဲ။

၁၂။ နိုင်ငံရေးသမားတွေ သဘာဝသယံဇာတ ထုတ်လုပ်မှုမှာ ပါဝင်နေတယ်ဆိုရင် သူတို့ကို ဘာပြောချင်ပါသလဲ။

၁၃။ သဘာဝ သယံဇာတက ရရှိတဲ့ အခွန်ငွေကို ပြည်ထောင်စုအတွင်း ခွဲဝေရေးနဲ့ ဖက်ဒရယ်လစ်ဇင်ကို ဘယ်လိုယှဉ်တွဲပြီး သုံးသပ်ချင်ပါသလဲ၊ ရှင်းပြပေးပါ။

၁၄။ သယံဇာတ စီမံအုပ်ချုပ်မှုအပေါ်မှာ ဦးသိန်းစိန်ရဲ့ ကြံ့ခိုင်ရေး အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီချုပ်အစိုးရ နှစ်ခုရဲ့ စွမ်းဆောင်ရည်ကို နှိုင်းယှဉ်ပြပါ။

၁၅။ ကိုယ်သာ လုပ်ပိုင်ခွင့်ရမယ်ဆိုရင် သယံဇာတ စီမံအုပ်ချုပ်မှုနဲ့ပတ်သက်ပြီး ဘယ်လိုအပြောင်းအလဲ လုပ်မယ်ဆိုတာကို ဆွေးနွေးပေးပါ။

၁၆။ မြန်မာ့ကျောက်မျက် ဥပဒေမှာ ဘယ်လိုအားနည်းချက်တွေ ရှိနေတယ်လို့ မြင်ပါသလဲ။

၁၇။ ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်း နှစ်ကြိမ်အတွင်း သယံဇာတနဲ့ပတ်သက်ပြီး လွှတ်တော်တွင်း စွမ်းဆောင်ရည်ကို ဘယ်လို မှတ်ချက်ပေးချင်ပါသလဲ။

၁၈။ နိုင်ငံရဲ့ သယံဇာတ ထွက်ရှိမှုက ရရှိတဲ့ အခွန်ငွေကို ပါတီက ဘယ်လောက်ထိ လေ့လာထားပါသလဲ။

၁၉။ သယံဇာတ ကဏ္ဍကနေ ရရှိတဲ့ အခွန်အခတွေက ရသင့်သလောက် မရဘူးလို့ ပြောကြတယ်။ အခွန်ပိုရအောင် ပါတီအနေနဲ့ ဘယ်လို အကြံပေးချင်ပါသလဲ။

# ၃။ ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများအတွက် မေးခွန်းများ

## ၃.၁။ ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများအတွက် မေးခွန်းများ

၁။ လွှတ်တော်ထဲ ရောက်ခဲ့ရင် သယံဇာတ စီမံအုပ်ချုပ်မှုနဲ့ပတ်သက်ပြီး ပထမဦးဆုံး ဘာလုပ်မလဲ။

၂။ သယံဇာတ စီမံအုပ်ချုပ်မှုနဲ့ပတ်သက်ပြီး မဲဆန္ဒရှင်တွေကို ဘာကတိကဝတ်တွေ ပေးမလဲ။

၃။ ကျောက်မျက်ဥပဒေကို ဘယ်လောက်ထိ လေ့လာဖတ်ရှုထားလဲ။ အားသာချက်၊ အားနည်းချက်က ဘာတွေလဲ။

၄။ (ကိုယ်စားလှယ်လောင်းက နောက်တစ်ကြိမ် ပြန်ပြိုင်သူဖြစ်ခဲ့ရင်) ပြီးခဲ့တဲ့ ၅ နှစ် အတွင်း သယံဇာတနဲ့ပတ်သက်ပြီး ဘာတွေ စွမ်းဆောင်ခဲ့ပါသလဲ။

၅။ (ဖားကန့်၊ မိုင်းရှူး၊ မိုးကုတ် မဲဆန္ဒနယ်တွေက ကိုယ်စားလှယ်လောင်းများ အတွက်သာ) ရွေးကောက်ပွဲ အနိုင်ရရင် မိမိမြို့ကို ဖွံ့ဖြိုးတိုးတက်တဲ့ သယံဇာတ ထုတ်လုပ်ရေး မြို့တစ်မြို့ (Mine City) ဖြစ်လာအောင် ဘယ်လိုစဉ်းစားထားလဲ။

၆။ ဖားကန့်ဒေသမှာ မြေစာပုံတွေ ပြိုကျပြီးတော့ ရေမဆေးကျောက်သမားတွေ နှစ်စဉ် သေပျောက်နေရတာတွေနဲ့ပတ်သက်ပြီး ဘယ်လို ဥပဒေတွေ ပြဋ္ဌာန်းပြင်ဆင်ဖို့ ရှိသလဲ။

၇။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံရရင် သယံဇာတ စီမံအုပ်ချုပ်မှု ပိုကောင်းလာအောင် ဘယ်လို စီမံထားရှိမလဲ။

၈။ ၂၀၀၈ အခြေခံဥပဒေထဲမှာ သယံဇာတက ရရှိတဲ့ အခွန်ငွေ ခွဲဝေရေးနဲ့ပတ်သက်လို့ ပြဋ္ဌာန်းထားတဲ့ ပုဒ်မ ဘယ်နှစ်ခု ပါသလဲ။ Natural Resource Federalism ဖော်ဆောင်ဖို့ လုံလောက်တယ် ထင်သလား။

၉။ သယံဇာတ စီမံခန့်ခွဲမှုကိစ္စဟာ ၂၁ ရာစု ပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ ဘယ်လောက် အတိုင်းအတာအထိ ပါဝင်သင့်သလဲ။

၁၀။ GDP မှာ သယံဇာတက ရရှိတဲ့ အချိုးအစား ဘယ်လောက် ပါဝင်ပါသလဲ။ သင့်တင့်လျှောက်ပတ်တယ်လို့ ထင်ပါသလား။

၁၁။ သဘာဝ သယံဇာတ စီမံမှုနှင့်ပတ်သက်ပြီး လူကြီးမင်းတို့၏ နိုင်ငံရေးပါတီတွင် သီးသန့် ရပ်တည်ချက် ရှိပါသလား။

၁၂။ ၂၀၀၈ အခြေခံဥပဒေသည် သဘာဝ သယံဇာတ စီမံမှုကောင်း ဖြစ်ပေါ်လာစေရန် အထောက်အကူ ဖြစ်နိုင်သည်ဟု ယူဆပါသလား။

၁၃။ ယခု ရွေးကောက်ပွဲအတွက် လူကြီးမင်းတို့ ပါတီအနေဖြင့် သဘာဝ သယံဇာတ စီမံမှုနှင့်ပတ်သက်ပြီး အထူး ဦးစားပေး သို့မဟုတ် ဦးစားပေးများအဖြစ် သတ်မှတ်ထားသည့် ကိစ္စများ ရှိပါသလား။ မည်သည့်အရာများကို ဦးစားပေး ကိစ္စများအဖြစ် သတ်မှတ်ထားပါသနည်း။

၁၄။ ၂၀၁၅ သတ္တုတွင်းဥပဒေ၊ ၂၀၁၈ သတ္တုတွင်း နည်းဥပဒေ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး အစိုးရသည် ထိရောက်သည့် လုပ်ငန်းစဉ်များဖြင့် စိစစ် ထိန်းကျောင်းမှုများ ပြုလုပ်ခဲ့သည်ဟု ယူဆပါသလား။ မည်သည့်လုပ်ငန်းစဉ်များကို မြန်မာအနေဖြင့် အကောင်အထည်ဖော် ကျင့်သုံးသင့်သနည်း။

၁၅။ သတ္တုတွင်း မဟာဗျူဟာ ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းများ ပြုလုပ်ရာတွင် အစိုးရသည် လုပ်ငန်းသဘောအရ ဆက်စပ်သူ အားလုံးကို ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်ဟု ယူဆပါသလား။

၁၆။ ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက် မူဘောင်များ ရေးဆွဲနိုင်သည့် ကျွမ်းကျင်မှုနှင့် အချက်အလက်များ အစိုးရ တာဝန်ရှိသူများတွင် ရှိပါသလား။

## ၃.၂။ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးအဆင့် ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများအတွက် မေးခွန်းများ

၁။ ၂၀၀၈ အခြခံဥပဒေပါ နောက်ဆက်တွဲ ဇယား (၂) နဲ့ ဇယား (၅) ပါ သယံဇာတနဲ့ သတ္တုကဏ္ဍကို ဖတ်ရှုပြီးပါပြီလား၊ ဘယ်လို မှတ်ချက်ပေးချင်ပါသလဲ။

၂။ ပထမအကြိမ် လွှတ်တော်သက်တမ်း ပြီးဆုံးကာနီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်လိုက်တုန်းက အခြေခံဥပဒေမှာ သယံဇာတနဲ့ သတ္တုကဏ္ဍအတွက် ဘာတွေ ပြင်ဆင်နိုင်ခဲ့သလဲ။

၃။ မိမိတိုင်း (သို့မဟုတ်) ပြည်နယ်မှာ သယံဇာတနဲ့ပတ်သက်ပြီး ဘယ်ဥပဒေတွေ ပြဋ္ဌာန်းထားတာ သိပါသလဲ။

၄။ ရွေးကောက်ပွဲ အနိုင်ရခဲ့ရင် မိမိတိုင်း သို့မဟုတ် ပြည်နယ်က ထွက်ရှိနေတဲ့ သယံဇာတနဲ့ပတ်သက်ပြီး ဘာတွေ စီမံဆောင်ရွက်ပေးမလဲ။

၅။ မိမိတိုင်း (သို့မဟုတ်) ပြည်နယ်အတွက် သယံဇာတကနေ အခွန်ပိုရအောင် ဘာတွေလုပ်သင့်တယ်လို့ ထင်သလဲ၊ ဘာအစီအမံတွေ ရှိထားပါသလဲ။

၆။ (ပြန်ပြိုင်မယ့် ကိုယ်စားလှယ်အဟောင်းများအတွက်) ပြီးခဲ့တဲ့ သက်တမ်းအတွင်း သယံဇာတ ထုတ်ယူမှုနဲ့ပတ်သက်ပြီး မေးခွန်း၊ အဆို တင်ခဲ့ဖူးတာမျိုး ရှိလား။

## ၄။ မဲဆန္ဒရှင်များအတွက် မေးခွန်းများ

၁။ မိမိဒေသက ထွက်တဲ့ သယံဇာတတွေရဲ့ အကျိုးအမြတ်ကို မိမိဒေသက ခံစားရတယ်လို့ ထင်သလား။

၂။ မိမိဒေသက မခံစားရဘူးဆိုရင် ဘယ်သူတွေ ခံစားနေရတယ်လို့ ထင်ပါသလဲ။

၃။ ရွေးကောက်ပွဲမှာ ဝင်ပြိုင်မယ့် ကိုယ်စားလှယ်လောင်းတွေကို သယံဇာတ စီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး ဘာတောင်းဆိုချင်သလဲ၊ ဘာလုပ်ပေးစေချင်သလဲ။

၄။ သယံဇာတ ထုတ်လုပ်မှုကသာ ဝင်ငွေရလာခဲ့ရင် မိမိဒေသအတွက် ဘယ်လို ကဏ္ဍတွေမှာ အကျိုးရှိရှိ သုံးစွဲချင်ပါသလဲ။

၅။ သယံဇာတ တူးဖော်ထုတ်လုပ်မှုကြောင့် ကိုယ့်ဒေသတွင်းမှာ ဘယ်လို ဆိုးကျိုးသက်ရောက်မှုတွေ ဖြစ်နေသလဲ။

၆။ သယံဇာတ စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်အောင် လုပ်ပေးမယ်၊ လာဘ်စားမှုကို တိုက်ဖျက်ပေးမယ်လို့ ကတိပေးတဲ့ ပါတီမျိုး၊ ကိုယ်စားလှယ်လောင်းမျိုးကို မဲပေးချင်တဲ့ဆန္ဒ ရှိသလား။

၇။ မိမိဒေသက သယံဇာတတွေကို အစိုးရက တူးဖော်ပြီး သုံးစွဲနေတာထက် တခြားနည်းနဲ့ ဝင်ငွေရှာလို့ ဖြစ်နိုင်တယ်လို့ ထင်ပါသလား၊ ဘယ်လိုနည်းလမ်းတွေ ရှိနိုင်တယ်လို့ ထင်ပါသလဲ။

၈။ မိမိဒေသက သယံဇာတတွေ တူးဖော်ထုတ်လုပ်နေတာနဲ့ ပတ်သက်ပြီး အစိုးရက ကိုယ့်ကို ဘာတွေပြောပြစေချင်သလဲ၊ ကိုယ်က ဘာတွေသိချင်သလဲ။

၉။ ရွေးကောက်ပွဲမှာ မဲဆွယ်စည်းရုံးဖို့ လာတဲ့ ကိုယ်စားလှယ်လောင်းတွေကို သယံဇာတ စီမံအုပ်ချုပ်မှုနဲ့ပတ်သက်ပြီး ဘာမေးခွန်းတွေ ထုတ်ချင်ပါသလဲ။

၁၀။ သယံဇာတနဲ့ပတ်သက်ပြီး အရင်ကိုယ်စားလှယ်တွေ လုပ်ဆောင်သွားတာတွေထဲက ဘာတွေ မှတ်မှတ်သားသား မြင်မိသလဲ၊ သတိထားမိသလဲ။

၁၁။ သယံဇာတ ထွက်ရှိတဲ့ ဒေသဖြစ်ပေမယ့် ဖွံ့ဖြိုးမှု နည်းပါးတာ ဘာကြောင့်လို့ ထင်ပါသလဲ၊ ဘယ်သူ့မှာ တာဝန်ရှိတယ်ဆိုတာရော သိပါသလား။

၁၂။ သယံဇာတ ထုတ်လုပ်မှုတွေက တရားဥပဒေ စိုးမိုးရေးကို ဘယ်လို အကျိုးသက်ရောက်မှု ရှိစေတယ်လို့ ထင်ပါသလဲ။

၁၃။ ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်တွေ အနိုင်ရရင် (ဖားကန့် ကျောက်စိမ်းဖော်နေတာ၊ မိုးကုတ် ကျောက်မျက်တူးဖော်တာနဲ့ပတ်သက်ပြီး) လွှတ်တော်မှာ ပထမဆုံး မေးစေချင်တဲ့ မေးခွန်းနဲ့ အဆိုတွေက ဘာဖြစ်မလဲ။

၁၄။ ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်လောင်းတွေ လွှတ်တော်ထဲရောက်ရင် လွှတ်တော်မှာ ပထမဆုံး အဆိုတင်၊ မေးခွန်းမေးစေချင်တဲ့ သယံဇာတ တူးဖော်ခွင့် ကိစ္စက ဘာဖြစ်မလဲ။

## ၅။ ကျွမ်းကျင် ပညာရှင်များအတွက် မေးခွန်းများ

၁။ ၂၀၁၅ သတ္တုတွင်းဥပဒေ၊ ၂၀၁၈ သတ္တုတွင်း နည်းဥပဒေကို ပြန်လည်သုံးသပ်ရန် လိုအပ်သည်ဟု ယူဆပါသလား။

၂။ သယံဇာတ ထုတ်ယူသည့် စီမံကိန်းများ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှင့်ပတ်သက် သည့် လူကြီးမင်း၏ အမြင်ကို ဖော်ပြပါ။

၃။ သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းနဲ့ ငြိမ်းချမ်းရေး ဘယ်လိုဆက်စပ်နေတယ် ထင်လဲ။

၄။ ရွေးကောက်ပွဲကာလအပြီး အစိုးရဟောင်းနဲ့ အသစ်အကြား လက်လွှဲစဉ်ကာလမှာ သယံဇာတ ကဏ္ဍအပေါ် ဘယ်လို အကျိုးသက်ရောက်မှုမျိုးတွေ ရှိလာမယ်လို့ ထင်ပါသလဲ။

၅။ သယံဇာတ ထုတ်ယူသုံးစွဲမှုဆိုင်ရာ မူဝါဒတွေ ၂၀၂၀ နောက်ပိုင်းမှာ အပြောင်းအလဲ ဖြစ်လာနိုင်မယ်လို့ မျှော်လင့်နိုင်မလား။ သယံဇာတအပေါ် မှီခိုမှုကရော လျော့သွားနိုင်မလား၊ တိုးလာမလား။

၆။ မြန်မာ့ကျောက်မျက်ဥပဒေရဲ့ အားသာချက်၊ အားနည်းချက်တွေက ဘာတွေလဲ။ လာမယ့် လွှတ်တော်အနေနဲ့ ဥပဒေပါ ဘယ်ပုဒ်မတွေ ပြင်ဆင်၊ ဖြုတ်ပယ်၊ ဖြည့်စွက်သင့်တယ်လို့ အကြံပေးချင်လဲ။

၇။ သယံဇာတ ကြွယ်ဝသည့် ဒေသများမှ ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသို့ အထူး အကြံပေးလိုသည့် ကိစ္စများကို ဖော်ပြပါ။

၈။ လက်ရှိ တိုင်းနဲ့ပြည်နယ် အစိုးရတွေ၊ လွှတ်တော်တွေဟာ ၅ နှစ်လုံးလုံး ခြေဥပါ ဇယား (၂) အရ သက်ဆိုင်ရာ တိုင်းနဲ့ပြည်နယ် ကျောက်မျက်ဥပဒေတွေကို ဘာကြောင့် မပြဋ္ဌာန်းနိုင်ခဲ့တာလဲ။

၉။ တနိုင်တပိုင် တူးဖော်သူများနှင့်ပတ်သက်ပြီး လူကြီးမင်း၏ သဘောထားကို ဖော်ပြပါ။ ၎င်းတို့ကို မနစ်နာစေပဲ တရားဝင် ထိန်းချုပ် စီမံနိုင်ရန်အတွက် အစိုးရ သို့မဟုတ် ဥပဒေ ရေးဆွဲသူများကို မည်သို့ အကြံပြုလိုသနည်း။

၁၀။ ကျောက်စိမ်းလုပ်ကွက်ချထားရေး၊ တင်ဒါချထားရေးတွေမှာ ပွင့်လင်းမြင်သာမှု ရှိလာဖို့ အစိုးရသစ် လွှတ်တော်အသစ်က စွမ်းဆောင်နိုင်ပါ့မလား။

၁၁။ ၂၀၀၈ ခြေဥပါ ပြဋ္ဌာန်းချက်တွေနဲ့ Resource Federalism ကို မျှော်မှန်းနိုင်လား။ ဘယ်ပုဒ်မတွေ ပြင်ရမလဲ၊ ဖြည့်ရမလဲ၊ ဖြုတ်ရမလဲ။

၁၂။ ကိုယ်စားလှယ်လောင်းတွေထဲမှာ သယံဇာတ စီမံမှုကို စိတ်ဝင်စားသူ နည်းပါးနေတယ်လို့ ထင်သလား၊ ဒီလို နည်းနေမယ်ဆိုရင် နိုင်ငံအပေါ် သက်ရောက်မှု ရှိနိုင်လား။

၁၃။ ဒီချုပ်အစိုးရနဲ့ ကြံ့ခိုင်ရေးအစိုးရ ယှဉ်ရင် သယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ အရည်အသွေးကို သုံးသပ်နှိုင်းယှဉ်ပြပါ။

၁၄။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအနေနဲ့ လွှတ်တော်ထဲရောက်ရင် သယံဇာတ စီမံအုပ်ချုပ်မှုနဲ့ပတ်သက်ပြီး ပထမဦးဆုံး ဘယ်လိုမေးခွန်းမျိုး မေးသင့်လဲ။

၁၅။ သယံဇာတနဲ့ပတ်သတ်ပြီး ပထမအကြိမ် လွှတ်တော်ရဲ့ ဥပဒေပြုတာ၊ ပြင်တာ၊ ထိန်းကျောင်းမှု လုပ်ခဲ့တာတွေကို ဘယ်လိုမြင်လဲ။

၁၆။ Natural Resource Federalism က ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ဘယ်လောက်ထိ အရေးပါသလဲ။

၁၇။ Natural Resource Federalism နဲ့ပတ်သက်ပြီး အစိုးရရဲ့ သဘောထားက ဘယ်လိုရှိနေတယ်လို့ မြင်လဲ။

၁၈။ တပ်မတော်ရဲ့ အခန်းကဏ္ဍကရော သယံဇာတနဲ့ပတ်သက်ရင် ဘယ်လိုမူဝါဒ၊ ဘယ်လိုစနစ်တွေ သုံးနေတယ်လို့ ထင်လဲ။

၁၉။ တိုင်းရင်းသား လက်နက်ကိုင်တွေရဲ့ Resource Federalism နဲ့ပတ်သက်ပြီး မူဝါဒက ဘယ်လိုရှိနိုင်တယ်လို့ ယူဆလဲ။ အစိုးရနဲ့ တပ်မတော်တို့ ဘာတွေကွဲပြားနေလဲ၊ ဘုံဦးတည်ချက်တွေ မရှိရင် ဘာဆက်ဖြစ်နိုင်လဲ။

၂၀။ လက်ရှိ ချမှတ်လုပ်ဆောင်နေတဲ့ မူဝါဒ၊ စနစ်တွေအတိုင်း သွားမယ်ဆိုရင် နောင် ၅ နှစ်၊ ၁၀ နှစ်မှာ နိုင်ငံရဲ့ သယံဇာတ အခြေအနေက ဘာဖြစ်လာနိုင်လဲ။

## ၆။ သယံဇာတ စီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ ဆက်သွယ်ရန် ပုဂ္ဂိုလ်များ

### တိုင်းဒေသကြီး (သို့) ပြည်နယ်ဝန်ကြီးများ

| ပြည်နယ်တိုင်း။ဌာန | အမည်။ဖုန်းနံပါတ် |
|---|---|
| **ကချင်ပြည်နယ်** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး | (ဦး) ဒါရှီလဆိုင်း<br>(ဖားကန့် – မဲဆန္ဒနယ် – ၂)<br>၀၉ ၄၅၀၀၁၀၀၈ |
| **ကယားပြည်နယ်** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး | ဦးတီရယ်<br>(ရှားတော – မဲဆန္ဒနယ် – ၁)<br>၀၉ ၅၆၀၀၂၈၈ |
| **ကရင်ပြည်နယ်** သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး | ဦးစောပြည်သာ<br>၀၉ ၄၅၉၀၀၃၀၀၈ |
| **ချင်းပြည်နယ်** စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီး | ဦးမှန်ဟင်းဒါလ်း<br>၀၉ ၄၅၉၀၀၄၀၀၆<br>၀၇ ၀၂၂၃၈၅ |
| **မန္တလေးတိုင်းဒေသကြီး** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး | ဦးမျိုးသစ် (ခ) ဦးပါလေး<br>(မိုးကုတ်– မဲဆန္ဒနယ် – ၁)<br>၀၉ ၄၃၁၄၅၈၈၇ |

| ပြည်နယ်တိုင်း။ဌာန | အမည်။ဖုန်းနံပါတ် |
|---|---|
| **ပဲခူးတိုင်းဒေသကြီး** သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး | ဒေါက်တာစောညိုဝင်း<br>၀၉ ၅၃၀၁၄၉၈ |
| **ရောဝတီတိုင်းဒေသကြီး** စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး | ဦးတင်အောင်ဝင်း<br>၀၉ ၄၅၉၀၁၇၀၀၆ |
| **မကွေးတိုင်းဒေသကြီး** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး | ဦးမြင့်ဇော်<br>(ဂန့်ဂေါ – မဲဆန္ဒနယ် – ၁)<br>၀၉ ၄၅၉၀၁၄၀၀၉ |
| **စစ်ကိုင်းတိုင်းဒေသကြီး** ချင်းတိုင်းရင်းသား ဝန်ကြီး | ဦးလာလ်ထောင်ထန်း<br>၀၉ ၄၅၉၀၁၁၀၁၀ |
| **တနင်္သာရီတိုင်းဒေသကြီး** သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး | ဦးလှထွေး<br>(ရေဖြူ – မဲဆန္ဒနယ် – ၁)<br>၀၉ ၄၂၂၂၀၂၆၀၀ |
| **မွန်ပြည်နယ်** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး | ဒေါက်တာမင်းကြည်ဝင်း (ခ) နိုင်ကြည်ဝင်း<br>(မုံဒုံ – မဲဆန္ဒနယ် – ၂)<br>၀၉ ၄၅၉၀၀၅၀၀၉ |
| **ရခိုင်ပြည်နယ်** စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး | ဦးကျော်လွင်<br>(ကျောက်ဖြူ – မဲဆန္ဒနယ် –၁)<br>၀၉ ၄၂၁၇၄၀၇၂၇ |
| **ရှမ်းပြည်နယ်** သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီး | ဒေါက်တာညီညီအောင်<br>၀၉ ၄၅၉၀၀၇၀၀၇ |

## သယံဇာတကြွယ်ဝသော ဒေသများရှိ လက်ရှိ လွှတ်တော်ကိုယ်စားလှယ်များ

| ပြည်နယ်/တိုင်း | မြို့နယ် | အမည်/ဖုန်းနံပါတ် |
|---|---|---|
| **ကချင်ပြည်နယ်** | ဖားကန့် | ဦးတင်စိုး (ပြည်သူ)<br>၀၉ ၂၅၆၁၇၉၁၇၆ |
| | | ဦးHလအောင် (ပြည်နယ်–၁)<br>၀၉ ၄၄၁၇၆၀၆၄၉၊ ၀၉ ၇၈၉၄၆၁၁၂၃ |
| | | ဒါရှီလဆိုင်း (ပြည်နယ်–၂)<br>၀၉ ၄၅၀၀၁၀၀၈ |
| | တနိုင်း | ဦးလင်းလင်းဦး (ခ) ဦးထန်ကီး (ပြည်သူ)<br>၀၉ ၂၅၈၈၈၆၁၃၁ |
| | | ဦးဇော်ဝင်း (ပြည်နယ်–၂)<br>၀၉ ၂၅၆၃၅၀၁၂၂ |
| | | ဦးလဂွန်ငန်ဆိုင်း (ပြည်နယ်–၁)<br>၀၉ ၄၃၀၂၂၁၁၁ |
| **ကယားပြည်နယ်** | လွိုင်ကော် | ဒေါက်တာခင်စည်သူ (ပြည်သူ)<br>၀၉ ၅၆၀၁၄၅၆ |
| | | ဒေါက်တာအောင်ကျော်ငွေး (ပြည်နယ်–၁)<br>၀၉ ၅၆၀၀၂၈၁ |
| | | ဦးတင်မြင့် (ပြည်နယ်–၂)<br>၀၉ ၂၅၄၁၇၆၉၈၄ |

| ပြည်နယ်/တိုင်း | မြို့နယ် | အမည်/ဖုန်းနံပါတ် |
|---|---|---|
| **မန္တလေးတိုင်း** | မိုးကုတ် | ဦးနိုင်ငံကျော် (ပြည်သူ)<br>၀၉ ၇၈၇၃၁၅၆၇၂၊ ၀၉ ၇၃၁၅၆၇၂၀ |
| | | ဦးစောသောင်းတင် (တိုင်း–၂)<br>၀၉ ၄၀၂၅၄၂၃၆၄ |
| | သပိတ်ကျင်း | ဒေါက်တာအောင်နိုင် (ပြည်သူ)<br>၀၉ ၇၈၀၆၆၆၅၃၀ |
| | | ဦးစိုးလွင် (တိုင်း–၁)<br>၀၉ ၂၆၁၂၀၅၅၁၁ |
| | | ဦးတင်မြင့်ဆွေ (တိုင်း–၂)<br>၀၉ ၆၈၀၇၉၈၂ |
| | စဥ့်ကူး | ဒေါက်တာဇော်ဝင်းမြင့် (ပြည်သူ)<br>၀၉ ၇၉၁၃၅၂၅၉၉ |
| | | ဦးအောင်သန်းထွန်း (တိုင်း–၁)<br>၀၉ ၂၀၃၁၅၀၀ |
| | | ဒေါက်တာကျော်နိုင်ဦး (တိုင်း–၂)<br>၀၉ ၄၀၂၅၅၅၁၁၃ |

| ပြည်နယ်/တိုင်း | မြို့နယ် | အမည်/ဖုန်းနံပါတ် |
|---|---|---|
| စစ်ကိုင်းတိုင်း | ခန္တီး | ဦးအောင်သန်းစိန် (ပြည်သူ)<br>၀၉ ၄၀၅၃၀၀၄၄ |
| | | ဦးမောင်တေး (တိုင်း–၁)<br>၀၉ ၄၀၂၇၀၅၄၉၅ |
| | | ဦးသိန်းလှိုင်ဝင်း (တိုင်း–၂)<br>၀၉ ၂၅၂၀၈၄၄၂၂ |
| | ဆားလင်းကြီး | ဦးဝင်းသိန်းဇော် (ပြည်သူ)<br>၀၉ ၂၅၉၀၆၇၃၁၃ |
| | | ဒေါက်တာသိန်းနိုင် (တိုင်း–၁)<br>၀၉ ၄၀၅၃၀၀၄၄ |
| | | ဦးစောမောင် (တိုင်း–၂)<br>၀၉ ၉၆၃၇၂၇၈၄၇ |
| | ဟုမ္မလင်း | ဦးမျိုးညွန့် (ပြည်သူ)<br>၀၉ ၂၅၆၅၃၄၆၈၉ |
| | | ဦးဝေဖြိုး (တိုင်း–၁)<br>၀၉ ၄၀၀၄၀၆၀၉၅ |
| | | ဦးကျော်ဌေးလွင် (တိုင်း–၂)<br>၀၉ ၄၀၀၄၄၂၅၃၉ |
| | မုံရွာ | ဦးသန့်စင်မောင် (ပြည်သူ)<br>၀၉ ၂၅၀၀၈၂၇၇၆ |
| | | ဒေါ်အမာကြည် (တိုင်း–၁)<br>၀၉ ၂၁၃၀၉၀၃ |
| | | ဒေါ်အောင်ကြည် (တိုင်း–၂)<br>၀၉ ၇၉၁၁၆၆၆၀၁ |

| ပြည်နယ်၊တိုင်း | မြို့နယ် | အမည်၊ဖုန်းနံပါတ် |
|---|---|---|
| **မကွေးတိုင်း** | မင်းဘူး | ဦးဝင်းဝင်း (ပြည်သူ)<br>၀၉ ၄၀၁၅၃၆၆၈၂ |
| | | ဦးကျော်စွမ်းရည် (တိုင်း–၁)<br>၀၉ ၉၇၂၈၁၉၉၇၄ |
| | | ဦးနေမျိုးကျော် (တိုင်း –၂)<br>၀၉ ၄၅၉၀၁၄၀၁၅ |
| | မင်းလှ | ဦးကျော်ကြီး (ပြည်သူ)<br>၀၉ ၄၅၀၂၆၁၉၇၁ |
| | | ဦးလှိုင်မြင့်သန်း (တိုင်း–၁)<br>၀၉ ၂၆၂၉၇၀၄၂၁ |
| | | ဦးမောင်ကို (တိုင်း–၂)<br>၀၉ ၄၂၀၀၉၆၁၅ |
| | ငဖဲ | ဦးစိုးလွင် (ပြည်သူ)<br>၀၉ ၄၀၉၃၀၆၆၉၆၊ ၀၉ ၉၇၂၁၄၅၇၀၇ |
| | | ဦးစန်းကြူ (တိုင်း–၁)<br>၀၉ ၉၇၃၃၇၇၇၂၇ |
| | | ဦးခင်မောင်လွင် (တိုင်း–၂)<br>၀၉ ၄၅၂၂၃၇၇၂၂ |
| **တနင်္သာရီတိုင်း** | ထားဝယ် | ဦးအောင်စိန် (ပြည်သူ)<br>၀၉ ၇၉၆၈၁၇၁၅၉ |
| | | ဦးခင်မောင်အေး (တိုင်း–၁)<br>၀၉ ၉၆၂၄၈၇၂၇၁ |
| | | ဦးဟိုပင် (တိုင်း–၂)<br>၀၉ ၄၅၉၀၁၂၀၀၉ |
| **ရခိုင်ပြည်နယ်** | ကျောက်ဖြူ | ဦးဘရှိန် (ပြည်သူ)<br>၀၉ ၄၅၁၅၇၃၉၁၇၊ ၀၉ ၄၂၁၇၆၈၇၄၉ |
| | | ဦးဖိုးစံ (ပြည်နယ်–၂)<br>၀၉ ၂၆၂၈၅၅၅၉၈ |
| **ရှမ်းပြည်နယ်** | မိုင်းရှူး | စိုင်းလင်းမြတ် (ပြည်နယ်–၁)<br>၀၉ ၄၅၈၀၄၃၈၉၃ |

## သယံဇာတနှင့် သက်ဆိုင်သော အစိုးရမဟုတ်သည့် ပုဂ္ဂလိက အသင်းအဖွဲ့များ

| လုပ်ငန်းဌာန | အမည်၊ဖုန်းနံပါတ် |
|---|---|
| မြန်မာကျောက်မျက်ရတနာ<br>လုပ်ငန်းရှင်များအသင်း | ဦးဇော်ဘိုခန့် (ဒုဥက္ကဌ)<br>၀၉ ၅၅၂၇၉၉၉ |
| မြန်မာ့ သတ္တုလုပ်ငန်းရှင်များအသင်း | ဦးခင်မောင်ဟန် (ဥက္ကဌ)<br>၀၉ ၉၇၃၀၀၈၆၁၇ |

## သယံဇာတနှင့် သက်ဆိုင်သည့် အစိုးရ အဖွဲ့အစည်းများ

| လုပ်ငန်းဌာန | အမည်၊ဖုန်းနံပါတ် |
|---|---|
| မြန်မာ့ကျောက်မျက်ရတနာ<br>ရောင်းဝယ်ရေးလုပ်ငန်း | ဦးမင်းသူ (ဦးဆောင်ညွှန်ကြားရေးမှူး)<br>၀၉ ၉၆၄၆၂၆၁၅၄ |
| သတ္တုတွင်း ဦးစီးဌာန | ဦးကျော်သက် (ဒုတိယ ညွှန်ကြားရေးမှူးချုပ်)<br>၀၉ ၄၂၀၇၀၁၂၀၆ |
| မြန်မာ့သစ်လုပ်ငန်း | ဦးကျော်ဆန်းနိုင် (ဒါရိုက်တာ)<br>၀၆ ၇၃၄၀၉၀၀၁ (ဝန်ကြီးရုံး)<br>၀၉ ၄၉၂၀၀၅၈၈ |
| မြန်မာ့ ပုလဲလုပ်ငန်း | ဦးဆောင်ညွှန်ကြားရေးမှူး (ရုံးအဖွဲ့မှူး)<br>၀၆ ၇၄၁၄၄၄၅ (ဝန်ကြီးရုံး) |
| မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း | ဦးထက်ရှမ်းဖြိုး (ဒုတိယ ညွှန်ကြားရေးမှူး)<br>၀၉ ၂၅၄၀၃၆၈၈၈ |

## သယံဇာတနှင့် သက်ဆိုင်သည့် အစိုးရမဟုတ်သော ပြည်တွင်း၊နိုင်ငံတကာ အဖွဲ့အစည်းများ

| လုပ်ငန်း၊ဌာန | အမည်၊ဖုန်းနံပါတ် |
|---|---|
| မြန်မာ EITI | ဒေါ်နှင်းထက်ထက်အောင် (မန်နေဂျာ)<br>၀၉ ၄၂၁၀၅၅၄၆၁ |
| Natural Resource Governance Institute (NRGI) | ဒေါ်အေးကြည်သာဆွေ<br>၀၉ ၂၆၀၃၃၀၅၂၅ |
| | ဦးကိုကိုလွင်<br>၀၉ ၂၆၉၆၁၁၂၁၆ |
| Forest Trends | ဒေါ်ခင်စောဌေး (Policy Analyst)<br>၀၉ ၄၀၀၄၂၄၀၃၀ |
| Global Witness | Hanna Hindstrom<br>HHindstrom@globalwitness.org |
| Environmental Investigation Agency (EIA) | Paul Newman<br>Press and Communications Officer<br>paulnewman@eia-international.org |
| Myanmar Alliance for Transparency and Accountability (MATA) | ၁။ ဦးရဲလင်းမြင့် – ၀၉ ၂၆၂၉၃၁၂၇၇<br>၂။ ဒေါ်မိုးမိုးထွန်း – ၀၉ ၇၆၈၉၅၁၇၀၃<br>၃။ ဦးသန့်ဇင် – ၀၉ ၄၂၂၁၉၀၆၉၁ |

## ၇။ ဥပဒေများ၊ နည်းဥပဒေများ

| ဥပဒေများ၊ နည်းဥပဒေများ | ဝက်ဘ်ဆိုဒ်များ |
|---|---|
| ၂၀၁၉ ကျောက်မျက်ရတနာ ဥပဒေ | https://rb.gy/2tx5k0 |
| ကျောက်မျက် နည်းဥပဒေများ (မူကြမ်း) | https://rb.gy/vlkizh |
| ၂၀၁၅ သတ္တုတွင်းဥပဒေ | https://rb.gy/arbtba |
| ၂၀၁၈ သတ္တုတွင်းနည်းဥပဒေများ | https://rb.gy/arbtba |
| ပြင်ဆင်ပြီး ၂၀၁၈ သတ္တုတွင်းနည်းဥပဒေများ (၂၀၁၉) | https://rb.gy/e87dis |
| ပုလဲ ဥပဒေ | https://rb.gy/veqlze |
| သစ်တော ဥပဒေ | https://rb.gy/wqkohg |
| ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ | https://rb.gy/eoi2i9 |
| ရေနံနှင့် သဘာဝဓါတ်ငွေ့ဆိုင်ရာ ဥပဒေများ | https://www.moee.gov.mm/mm/ignite/page/99 |

## ၇။ အွန်လိုင်းပေါ်က ကိုးကားစရာ ဝက်ဘ်ဆိုဒ်များနှင့် အစီရင်ခံစာများ

(သက်ဆိုင်ရာ အစီရင်ခံစာများကို ထိုဝက်ဘ်ဆိုဒ်များတွင် ရှာနိုင်ပါသည်)

| အဖွဲ့အစည်းများ | ဝက်ဘ်ဆိုဒ်များ |
|---|---|
| Myanmar EITI | https://myanmareiti.org/mm |
| NRGI Myanmar | https://resourcegovernance.org/our-work/country/myanmar |
| Forest Trends | https://www.forest-trends.org/publications/myanmar/ |
| Global Witness | https://www.globalwitness.org/en/campaigns/myanmar/ |
| Environmental Investigation Agency (EIA) | https://eia-international.org/ |
| Open Jade | https://openjadedata.org/ |
| Open Development Myanmar | https://opendevelopmentmyanmar.net/ |
| Kachin Department of Mines Facebook | https://rb.gy/7caxqy |
| Ministry of Natural Resources and Environmental Conservation (MONREC) | http://www.monrec.gov.mm/ |
| Mining | http://www.mining.gov.mm/Default_mm.asp |
| Myanma Gems Enterprise Facebook | https://rb.gy/zsq0dh |
| No.1 Mining Enterprise (ME 1) Facebook | NA |
| No.2 Mining Enterprise (ME 2) Facebook | https://rb.gy/msbcdh |

| အဖွဲ့အစည်းများ | ဝက်ဘ်ဆိုဒ်များ |
|---|---|
| Ministry of Electricity and Energy (MOEE)/ Myanma Oil and Gas Enterprise (MOGE) | https://www.moee.gov.mm/ |
| Myanma Timber Enterprise (MTE) | https://rb.gy/gialmf |
| Resource Contracts | https://www.resourcecontracts.org/ |
| National Oil Company Database | https://www.nationaloilcompanydata.org/ |

## ၉။ သတင်းစိတ်ကူး နမူနာများ

၁။ ၂၀၂၀ အလွန်မှာ မိုးကုတ်မြို့ နာလန်ပြန်ထလာမလား။

၂။ ဖားကန့်ကို သယံဇာတမြို့တော် (Mine City) ဖြစ်လာဖို့ စိန်ခေါ်မှုများ။

၃။ ဖားကန့်က ရွှေ့ပြောင်းအလုပ်သမားများ (ရေမဆေးသမားများ) အတွက် ဘယ်လိုစီမံမလဲ။

၄။ ကျောက်စိမ်းကဏ္ဍကနေ အခွန်ငွေ ရသင့်သလောက် ရအောင် ဘယ်လိုစီမံမလဲ။

၅။ ကျောက်မျက်ဥပဒေ ဘာတွေ အားနည်းနေလဲ။

၆။ ကျောက်စိမ်းဈေးကွက် ပြည်တွင်းမှာ ရှိလာဖို့ အဓိက စိန်ခေါ်မှုတွေ။

၇။ ကျောက်မျက်ဆိုင်ရာ အဖွဲ့အစည်းတွေ ပြုပြင်ပြောင်းလဲရင် ကျောက်မျက်ကဏ္ဍ တိုးတက်လာမလား။

၈။ လွှတ်တော်တွင်းက သယံဇာတ ကော်မတီများရဲ့ စွမ်းဆောင်ရည်။

၉။ သယံဇာတ ထွက်ရာ ဒေသတွေက ကိုယ်စားလှယ်လောင်းတွေရဲ့ သယံဇာတဆိုင်ရာ ကတိကဝတ်။

၁၀။ သယံဇာတ ထုတ်ယူသုံးစွဲနေမှုတွေအပေါ် လူထုရဲ့ နားလည်သိရှိမှု ဘယ်လောက်ရှိလဲ။

၁၁။ တိုင်းရင်းသားလက်နက်ကိုင်တွေ ကြီးစိုးတဲ့ နယ်မြေတွေက အကြီးစား သတ္တုတွင်းတွေရဲ့ ထုတ်လုပ်မှုအခြေအနေ ဘယ်လိုရှိမလဲ။

၁၂။ တိုင်းရင်းသားလက်နက်ကိုင်တွေ အုပ်စိုးတဲ့ နယ်မြေတွေက အကြီးစား သတ္တုတွင်းတွေကို အစိုးရက ဘယ်လို မူ၊ စနစ်နဲ့ ခွင့်ပြုထားလဲ။ (ဥပမာ – ကရင်၊ ကချင်၊ ရှမ်း၊ တနင်္သာရီ)။

၁၃။ ဖက်ဒရယ် သွားမယ်ဆိုရင် တိုင်းရင်းသားလက်နက်ကိုင်တွေ ကြီးစိုးတဲ့ နယ်မြေက အကြီးစား သတ္တုတွင်းတူးဖော်ခွင့်နဲ့ ရပိုင်ခွင့်ကို ဘယ်လို ရေးဆွဲပြဌာန်းမလဲ။

၁၄။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းတွေ လွတ်လပ်ပြီး အမှီအခိုကင်းအောင် အစိုးရက ဘာတွေ ထောက်ပံ့ပေးထားလဲ။

၁၅။ ၂၀၁၅ ခုနှစ်တုန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၁) ပါ လုပ်ကိုင်ခွင့်တွေကို ဇယား (၂) သို့ ပြောင်းပေးခဲ့တယ်။ အဲ့ဒီလိုပြောင်းပြီး ၅ နှစ်အကြာ တိုင်းနဲ့ ပြည်နယ်အစိုးရတွေ အကောင်အထည် ဖော်နိုင်ပြီလား။
(သယံဇာတက ဝင်ငွေတွေ တိုင်းနဲ့ပြည်နယ်တွေက ရပြီလား)

၁၆။ NLD အစိုးရလက်ထက်မှာ Beneficial Ownership အရွေ့ဖြစ်ခဲ့တယ်။ တခြား ဘယ်နေရာတွေ ပြုပြင်ပြောင်းလဲဖို့ လိုသေးလဲ။ (မှတ်ချက် – ရွေးကောက်ပွဲမတိုင်မီ ထုတ်ရန်)

၁၇။ ၂၀၂၀ ရွေးကောက်ပွဲမှာ သယံဇာတ တူးဖော်ထုတ်လုပ်မှုက အကျိုးအမြတ်ရနေသူ ဘယ်သူတွေ ဝင်ပြိုင်ဖို့ရှိလဲ။

၁၈။ အဓိကကျတဲ့ ပါတီတွေက ခေါင်းဆောင်တွေရဲ့ Resource Federalism အပေါ် မတူညီတဲ့ အယူအဆများ နှိုင်းယှဉ်မှု။

၁၉။ သယံဇာတ ထွက်တဲ့ မဲဆန္ဒနယ်တွေရှိ ကိုယ်စားလှယ်လောင်းတွေဟာ Resource Federalism နဲ့ပတ်သက်ပြီး ဘယ်လောက် စိတ်ဝင်စားမှု ရှိလဲ။

၂၀။ Resource Federalism နဲ့ Resource Sharing က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အကျိုးသက်ရောက်မှု ဘယ်လောက်ရှိလဲ။

၂၁။ ရွေးကောက်ပွဲမှာ ဝင်ပြိုင်မယ့် ပါတီတွေရဲ့ ပါတီမူဝါဒတွေ ချပြတဲ့အခါမှာ Resource Federalism နဲ့ပတ်သက်ပြီး ဘာတွေပါမလဲ စောင့်ကြည့်မယ်။

YJS

Yangon Journalism School